# စတုတ္ထအကြိမ် ဂျီအမ်အက်စ်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး (4th Meeting of GMS Urban Development Task Force)

| | | |
|---|---|---|
| **ကျင်းပသည့်ရက်စွဲ** | - | ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှ ၁၉ ရက်အထိ |
| **ရည်ရွယ်ချက်** | - | ဂျီအမ်အက်စ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်စေရေး အတွက် "city competitiveness" နှင့်စပ်လျဉ်း၍ ဆွေးနွေးရန်၊ နယ်စပ်ဒေသတစ်လျှောက်ရှိ လုပ်ဆောင်နေဆဲ ဆောင်ရွက်ချက်များ၊ စီစဉ်ရေးဆွဲထားသည့် အချက်များ အားတင်ပြရန်၊ သတ္တမအကြိမ် ဂျီအမ်အက်စ် စီးပွားရေး စင်္ကြံများဖိုရမ်နှင့် အခြားသော ဂျီအမ်အက်စ်လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုကို မျှဝေရန်၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မူဘောင် အကောင်အထည်ဖော်မှုအစီအစဉ်၏ ဖြစ်ပေါ် တိုးတက်မှု ပထမအကြိမ် အစီရင်ခံစာပါ Urban Development Chapter ၊ ပဥ္စမအကြိမ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရန် |
| **ကျင်းပသည့် နေရာ** | - | Kempinski Hotel၊ နေပြည်တော် |
| **တက်ရောက်သည့်ဌာန/အဖွဲ့အစည်း** | - | ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ် နှင့် မြန်မာနိုင်ငံတို့မှ ဂျီအမ်အက်စ်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေး ဘဏ်မှ ကိုယ်စားလှယ်များ |
| **တက်ရောက်သည့် ဦးရေ** | - | (၃၄) ဦး |
| **ဆွေးနွေးသည့် အကြောင်းအရာ** | - | သတ္တမအကြိမ် ဂျီအမ်အက်စ် စီးပွားရေးစင်္ကြံများဖိုရမ်၏ ရလဒ်များ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြို့ပြဗဟိုဌာန တစ်လျှောက် နယ်စပ်ဖြတ်ကျော် စီးပွားရေး လုပ်ငန်းစဉ် |

ဆိုင်ရာ အကြောင်းအရာများ၊ မြဝတီနှင့်မဲဆောက်အကြား အရှေ့-အနောက် စီးပွားရေးစင်္ကြံရှိ Section-Specific Concept Plans နှင့်စပ်လျဉ်းသည့် ရှေ့ပြေးလုပ်ဆောင်ချက်များ၊ ဂျီအမ်အက်စ်ဒေသ အရှေ့- အနောက် စီးပွားရေးစင်္ကြံအိန္ဒိယ-ကော့ကရိတ်လမ်းပိုင်းအဆင့်မြှင့်တင်မှု စီမံကိန်းနှင့် ဂျီအမ်အက်စ်စင်္ကြံလမ်းမကြီး မြို့ပြဖွံ့ဖြိုးရေး တတိယအဆင့်စီမံကိန်းတို့နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ ထိုင်းနိုင်ငံနယ်စပ်ရှိ စီစဉ်ရေးဆွဲထားသော လုပ်ငန်းစဉ်များနှင့် မြန်မာ-ထိုင်း နယ်စပ်ဧရိယာတစ်လျှောက် မြို့ပြစီမံကိန်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်း

**ဆွေးနွေးမှုရလဒ်** - ဂျီအမ်အက်စ်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ မူဘောင် (မူကြမ်း)ကို (၂၀)ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေး၌ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် အပြီးသတ် ဆွေးနွေးနိုင်ခဲ့ခြင်း၊ "city competitiveness" အကြောင်းအရာကို ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများအကြား မျှဝေနိုင်ခဲ့ခြင်း၊ သတ္တမအကြိမ် ဂျီအမ်အက်စ် စီးပွားရေးစင်္ကြံများဖိုရမ်အပါအဝင် အခြားသော ဂျီအမ်အက်စ်လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို လေ့လာသိရှိခွင့်ရခြင်း၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင် အကောင်အထည်ဖော်မှုအစီအစဉ်၏ ဖြစ်ပေါ်တိုးတက်မှု ပထမအကြိမ်အစီရင်ခံစာနှင့် ပဥ္စမအကြိမ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့်စပ်လျဉ်း၍ ကြိုတင်ဆွေးနွေးနိုင်ခဲ့ပါသည်။